# ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ သတင်းလွှာ

စာစောင် (၄)၊ ဒီဇင်ဘာ ၂၀၂၀

## ဤစာစောင်တွင် ပါဝင်သည့်အကြောင်းအရာများ

### သံအမတ်ကြီး Ranieri Sabatucci နှင့် တွေ့ဆုံမေးမြန်းခြင်း

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်သစ်ဖြစ်သူအား မြန်မာနိုင်ငံတွင်ရှိသော အရပ်ဘက်အဖွဲ့အစည်းများအပေါ် ဥရောပသမဂ္ဂမှ အထောက်အပံ့ပြုမှုနှင့်ပတ်သက်၍ သူ၏ အတွေးအမြင်များအကြောင်းကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

### အတိတ်ကို ပြန်ကြည့်ခြင်း

ပြီးခဲ့သော နှစ်နှစ်အတွင်းတွင် လုပ်ဆောင်ခဲ့သည့် ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာမှ လုပ်ရှားဆောင်ရွက်မှုများကို ခြုံငုံသုံးသပ်ခြင်း။

### ရှေ့သို့မျှော်ကြည့်ခြင်း

ဥရောပသမဂ္ဂစီမံကိန်းများ ရွေးချယ်စီစဉ်မှုနှင့် ပတ်သက်သည့် နောက်လာမည့်ဥရောပသမဂ္ဂ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများနှင့် ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ၏ ခြေလှမ်းသစ်တို့အတွက် အကျဉ်းချုံးဖော်ပြချက်။

### ဆက်သွယ်ရန်

သိရှိလိုသည်များကို eucsostrategy.communication@gmail.com သို့ မေးလ်ပို့၍ ဆက်သွယ် မေးမြန်းနိုင်ပါသည်။



၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့သော ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာအား မိတ်ဆက်ခြင်း "မြန်မာနိုင်ငံရှိ အရပ်ဘက် အဖွဲ့အစည်းများလုပ်ငန်းလုပ်ဆောင်မှုနယ်ပယ် ပြောင်းလဲလာခြင်း"

## အဖွဲ့ထံမှ ပေးစာ

ဤစာစောင်တွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်သစ်ဖြစ်သူ မစ္စတာ Ranieri Sabatucci အား ကြိုဆို၍ အရပ်ဘက်အဖွဲ့အစည်းများအပေါ် အထောက်အပံ့ပြုမှုနှင့်ပတ်သက်၍ သူ၏ အတွေးအမြင်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ပြီးခဲ့သော နှစ်နှစ်အတွင်းရှိ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာအဖွဲ့၏ အဓိကလှုပ်ရှားဆောင်ရွက်မှုအချို့နှင့် အောင်မြင်မှုများကို အသားပေးကာ ပြန်လည်သုံးသပ်ခဲ့ကြသည်။

နောက်ဆုံးတွင် ဥရောပသမဂ္ဂစီမံကိန်းများ ရွေးချယ်စီစဉ်မှုဆိုင်ရာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများနှင့် ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ၏ ခြေလှမ်းသစ်ဆိုင်ရာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများ စသည်ကဲ့သို့သော ဆက်လက်လုပ်ဆောင်မည့် လှုပ်ရှားဆောင်ရွက်မှုများကို မှန်းမျှော်ကြည့်ရှုကာ တင်ပြထားပါသည်။

မြန်မာပြည်သူပြည်သားများအားလုံး ၂၀၂၀ ခုနှစ် လက်ကျန်ကာလများကို စိတ်ကျန်းမာ ကိုယ်ချမ်းသာစွာဖြင့် ဖြတ်ကျော်နိုင်စေရန်နှင့် လာမည့် ၂၀၂၁ ခုနှစ်တွင် ပျော်ရွှင်အောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့

မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး ဥရောပမဟာဗျူဟာသည် ဥရောပသမဂ္ဂက ရန်ပုံငွေထောက်ပံ့၍ ARS Progetti နှင့် နိုင်ငံတကာ ဒီမိုကရေစီသတင်းအစီရင်ခံရေးအဖွဲ့တို့က အကောင်အထည်ဖော်ခဲ့သော ပဏာမလုပ်ငန်းတစ်ခုဖြစ်သည်။ ဤသတင်းလွှာတွင် ပါဝင်သောအကြောင်းအရာများသည် ဥရောပသမဂ္ဂ၏ အမြင်များကို ထင်ဟပ်သည်ဟူသော သဘော မသက်ရောက်ပါ။

# မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ဖြစ်သူ မစ္စတာ Ranieri Sabatucci နှင့် တွေ့ဆုံမေးမြန်းခြင်း



၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့၏ သံအမတ်သစ်ဖြစ်သူ မစ္စတာ Ranieri Sabatucci ကိုကြိုဆိုခဲ့ကြသည်။

မစ္စတာ Sabatucci သည် ဥရောပသမဂ္ဂတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်မှာ နှစ်ပေါင်း ၃၀ တိုင်ပြီဖြစ်ပြီး ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများမှအစ နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများအထိကဲ့သို့ ကွဲပြားသော အကြောင်းအရာနယ်ပယ်မျိုးစုံတွင် အတွေ့အကြုံများစွာရှိပါသည်။

မစ္စတာ Sabatucci သည် သူ၏ အလုပ်အကိုင်လမ်းကြောင်းကို အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်ခြင်းဖြင့် စတင်ခဲ့ကြောင်း ပြောပြခဲ့သည်။ ယနေ့အချိန်တွင် ၎င်းလုပ်ဆောင်နေသမျှ အရာအများစုသည် ထိုအဖွဲ့အစည်းတွင်ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံသည်ဟု အလေးပေးပြောကြားခဲ့သည်။ ထို့ကြောင့် သူသည် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုံမှန်တုံ့ပြန်ဖလှယ်ဆွေးနွေးရန် မျှော်လင့်စောင့်စားလျက် ရှိပါသည်။

မေးမြန်းနေစဉ်အတောအတွင်းတွင် ၎င်းကို မြန်မာနိုင်ငံအတွင်းရှိ ဥရောပသမဂ္ဂ၏ အခန်းကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအကြောင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ဆောင်ရွက်ခြင်းအပေါ် ထားရှိသော သူ၏အမြင်များကိုလည်း မေးမြန်းခဲ့ပါသည်။

**မေးခွန်း ၁ – မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအကူးအပြောင်းကို ကူညီထောက်ပံ့ပေးခြင်းနဲ့ပတ်သက်တဲ့ ဥရောပသမဂ္ဂရဲ့အခန်းကဏ္ဍကို ဘယ်လိုမြင်ပါသလဲ။**

ဥရောပသမဂ္ဂဟာ ဒီမိုကရေစီစနစ်၊ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးကို ရရှိဖို့ကြိုးစားနေတဲ့ မြန်မာနိုင်ငံရဲ့ခရီးလမ်းတစ်လျှောက်မှာ ကာလကြာရှည် ရပ်တည်ကူညီပေးလာတဲ့ အင်အားကြီးမားပြီး သစ္စာရှိတဲ့မိတ်ဖက်တစ်ဦးပါ။ မကြာသေးမီက ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲတွေမတိုင်မီကလည်း ဒီအချက်ကို ထပ်လောင်းပြောဆိုခဲ့ပြီး ရှေ့လျှောက်လည်း ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဆက်လက်ပြီး ထောက်ပံ့ကူညီသွားမှာပါ။ ဒါပေမဲ့ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးဆိုတာ တစ်ရက်တည်းနဲ့ လုပ်လို့မရပါဘူး။ နိုင်ငံတကာ အသိအမှတ်ပြုတဲ့စံနှုန်းတွေကို ရရှိဖို့ဆိုရင် ရှေ့မှာ အခက်အခဲများစွာကို ကြုံတွေ့ရဦးမှာပါ။ မဆုတ်မနစ်တဲ့ ကြိုးစားမှုနဲ့ ဝီရိယရှိဖို့လိုအပ်ပြီး တစ်ဆင့်ချင်းစီသွားတဲ့ ချဉ်းကပ်နည်းတွေနဲ့ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အောင်မြင်မှုတွေကိုရရှိဖို့လိုပါတယ်။ ဥရောပသမဂ္ဂက အဲဒီအခက်အခဲကို မြန်မာပြည်သူတွေနဲ့အတူ ရင်ဆိုင်ဖို့အတွက် ရည်ရွယ်ထားပါတယ်။

ဥရောပသမဂ္ဂသွားရာ ကမ္ဘာအနှံ့ကနေရာတိုင်းကို ဒီမိုကရေစီစနစ်ဟာ လိုက်ပါလေ့ရှိပါတယ်။ ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံမှာရှိတဲ့ သူ့ရဲ့ ရှုထောင့်မျိုးစုံထည့်သွင်းစဉ်းစားထားတဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကနေတစ်ဆင့် နိုင်ငံတော်အာဏာပိုင်တွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကြားမှာ ဆွေးနွေးပြောဆိုမှုတွေ ဖြစ်မြောက်အောင်ပံ့ပိုးပေးရင်း အရေးပါတဲ့ စွမ်းရည်မြှင့်တင်ပေးတဲ့ ကဏ္ဍကနေ ရပ်တည်လုပ်ဆောင်နေပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ စံတန်ဖိုးတွေကို ထိန်းသိမ်းလိုက်နာတဲ့အနေနဲ့ ပွင့်လင်းမြင်သာမှုရှိ၊ အားလုံးအကျုံးဝင်မှုလည်း ရှိပြီး ယုံကြည်စိတ်ချရတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ် ဖြစ်မြောက်ဖို့အတွက် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေရဲ့ အားပေးမှုနဲ့အတူ ကြိုးစားဖို့ဆိုတာက အဓိကဦးစားပေးအရာဖြစ်ပါတယ်။ ဥရောပသမဂ္ဂဟာ ရပိုင်ခွင့်တွေအပေါ်အခြေခံထားပြီး အားလုံးအကျုံးဝင်မှုရှိတဲ့ ဖွံ့ဖြိုးရေးလမ်းကြောင်းကို အားကောင်းလာစေဖို့အတွက် မြန်မာနိုင်ငံအစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်း ဆောင်ရွက်သူတွေနဲ့အတူ နီးနီးကပ်ကပ် အလုပ်ဆက်လုပ်မှာဖြစ်ပါတယ်။ ဥရောပသမဂ္ဂနဲ့ မြန်မာနိုင်ငံတို့ နှစ်ဦးနှစ်ဖက်ပါဝင်တဲ့ ကုန်သွယ်မှုဦးစားပေးစီမံချက်ကို အကောင်အထည်ဖော်တဲ့ နေရာမှာ ဒီမိုကရေစီဆိုတာဟာ အချက်အချာကျတဲ့ အစိတ်အပိုင်းလည်းဖြစ်တယ်ဆိုတာကို မမေ့ကြဖို့လိုပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ဥရောပသမဂ္ဂရဲ့ ကျယ်ပြန့်စုံလင်တဲ့လုပ်ဆောင်ချက်တွေမှာ ဒီမိုကရေစီစနစ် အားပေးမြှင့်တင်ရေးကို အစဉ်တစိုက်ပါဝင်စေဖို့ဆိုတာက ဥရောပသမဂ္ဂအတွက် အရေးပါတဲ့ ရည်မှန်းချက်တစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တာဝန်ခံမှုရှိတဲ့ အဖွဲ့အစည်းတွေပါဝင်နေတဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ လူ့အဖွဲ့အစည်းတွေဟာ ရေရှည်တည်တံ့နိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ချက်တွေမို့လို့ပါပဲ။ ဒီအကြောင်းပြောရရင် ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးဆိုတာ ကြံ့ကြံ့ခံနိုင်မှုရှိတဲ့ လူ့အဖွဲ့အစည်းတွေဖြစ်လာဖို့အတွက် အချင်းချင်း ကျားကန်ပေးနေတဲ့ အချက်အချာကျတဲ့အရာနှစ်ခု ဖြစ်တာကြောင့် ထိခိုက်ပျက်စီးလွယ်ပြီး ပဋိပက္ခဘေးဒဏ်သင့်နေတဲ့ နိုင်ငံတွေကို အထူးတလည် အာရုံစိုက်ပေးဖို့လိုပါတယ်။

**မေးခွန်း ၂ – မြန်မာနိုင်ငံမှာရှိတဲ့ အခက်အခဲတွေကို ဖြတ်ကျော်နိုင်ဖို့နဲ့ ပိုကောင်းမွန်တဲ့အနာဂတ်ကို တည်ဆောက်နိုင်ဖို့အတွက် ကြိုးစားတဲ့နေရာမှာ အရပ်ဘက်လူမှုအသိုင်းအဝိုင်းဟာ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်နိုင်တယ်လို့ ယုံကြည်ပါသလဲ။**

တော်တော်ကိုအရေးပါတဲ့ ကဏ္ဍကနေပေါ့။ မြန်မာနိုင်ငံက အလွန်ကိုရှုပ်ထွေးပြီးကွဲပြားစုံလင်မှုရှိတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ပါ။ ဥရောပသမဂ္ဂရဲ့ လက်တွေ့ကွင်းဆင်း လုပ်ဆောင်ချက်ဟာ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းနဲ့ နီးကပ်စွာဆက်နွှယ်နေပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေ၊ အထူးသဖြင့် အခြေခံအကျဆုံးအနေအထားမှာ အလုပ်လုပ်နေကြတဲ့ အဖွဲ့အစည်းတွေနဲ့ ပဏာမလုပ်ငန်းအဖွဲ့တွေဟာ လက်တွေ့အခြေအနေမှာရှိတဲ့ လိုအပ်ချက်တွေကို ခွဲခြားဖော်ထုတ်တဲ့နေရာမှာ အရေးပါတဲ့ကဏ္ဍကနေ ပါဝင်နိုင်ပါတယ်။ အဲဒီအဖွဲ့မျိုးစုံရဲ့ အကျိုးစီးပွားတွေကို ကိုယ်စားပြုပေးခြင်းအားဖြင့် ဒီအဖွဲ့အစည်းတွေဟာ ပြည်သူပြည်သားတွေနဲ့ အစိုးရကြားမှာ ပေါင်းကူးတံတားအနေနဲ့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေဟာ အစိုးရနဲ့အများပြည်သူနှစ်ရပ်စလုံးအတွက် အပြုသဘောဆောင်တဲ့ လူမှုရေးနဲ့မူဝါဒရေးရာပြောင်းလဲမှုတွေဖြစ်ပေါ်အောင် လှုံ့ဆော်ပေးတဲ့နေရာမှာလည်း အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေဟာ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်မှုရှိပြီး ရပိုင်ခွင့်တွေအပေါ် အခြေခံထားတဲ့ စည်းမျဉ်းတွေကိုလိုက်နာပြီး အဆင့်အမျိုးမျိုးမှာရှိတဲ့ အဖွဲ့အစည်းတွေကို လူ့အခွင့်အရေးအတွက် ပါဝင်ဆောင်ရွက်မှုနဲ့ အလေးထားမှုတွေ အစဉ်တစိုက်လုပ်ဆောင်စေဖို့အတွက် တိုက်တွန်းအားပေးနိုင်ပါတယ်။

အခုလိုမြန်မာနိုင်ငံရဲ့ဒီမိုကရေစီစနစ်အကူးအပြောင်းကာလမှာ အထောက်အထားတွေကို အခြေခံထားတဲ့ ပြောင်းလဲဖို့အဆိုပြုချက်တွေ ဖန်တီးတဲ့နေရာနဲ့ လူ့အဖွဲ့အစည်းအနေနဲ့ ရင်ဆိုင်နေရတဲ့ ပြဿနာတွေအတွက် ဆန်းသစ်တီထွင်မှုရှိပြီး အပြောင်းအလဲဖြစ်တဲ့ဖြေရှင်းနည်းတွေကို ဖော်ဆောင်တဲ့နေရာမှာ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍက အလွန်ကိုတန်ဖိုးကြီးပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေဟာ အခြေခံအကျဆုံးအဆင့်တွေအထိ လက်လှမ်းမီပြီး အဲဒီနေရာတွေမှာ ကွန်ရက်တွေရှိတဲ့အတွက်ကြောင့် ထိရောက်ပြီး အားလုံးအကျုံးဝင်မှုရှိတဲ့ အထောက်အပံ့ကိုပေးစွမ်းဖို့ နည်းလမ်းအသစ်တွေစမ်းသပ်ခြင်း၊ အစပျိုးလုပ်ဆောင်ခြင်းနဲ့ မှတ်တမ်းတင်ခြင်းတို့ကို လုပ်ဆောင်နိုင်စွမ်းနဲ့ လုပ်ဆောင်ဖို့တာဝန်တွေလည်း အရပ်ဘက်အဖွဲ့အစည်းတွေမှာ ရှိလာပါတယ်။

နောက်ဆုံးအနေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေဟာ မူဝါဒတွေအကောင်အထည်ဖော်နေခြင်းရှိ မရှိ၊ ပြည်သူတွေရဲ့ တောင်းဆိုချက်တွေကို အစိုးရက ဖြည့်ဆည်းပေးခြင်းရှိ မရှိ ဆိုတာတွေကို စောင့်ကြည့်လေ့လာတဲ့ အဖွဲ့အစည်းအနေနဲ့ လုပ်ဆောင်နိုင်ပါတယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင် မီဒီယာလုပ်ရှားသူတွေကနေ အလုပ်သမားအစည်းအရုံးတွေအထိပါဝင်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ကွဲပြားစုံလင်မှုကို ထုတ်ဖော်အသုံးချဖို့ လိုအပ်ပါတယ်။

မေးခွန်း ၃ – အနာဂတ်မှာ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပြီး သူတို့ရဲ့လုပ်ငန်းတွေကို ထောက်ပံ့ကူညီဖို့ ဥရောပသမဂ္ဂက ဘယ်လိုစီစဉ်ထားပါသလဲ။

ရပိုင်ခွင့်တွေအပေါ်အခြေခံထားပြီး အားလုံးအကျုံးဝင်မှုရှိတဲ့ ဖွံ့ဖြိုးရေးကဏ္ဍမှာပဲဖြစ်ဖြစ်၊ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်ရေးကဏ္ဍမှာပဲဖြစ်ဖြစ် အရပ်ဘက်အဖွဲ့အစည်းတွေဟာ ဥရောပသမဂ္ဂအတွက် မရှိမဖြစ်လိုအပ်တဲ့ မိတ်ဖက်တွေပါ။ ကျွန်တော်တို့ရဲ့ ချိတ်ဆက်ဆောင်ရွက်မှုဟာ အပြောင်းအလဲကိုဆောင်ကြဉ်းပေးနိုင်ဖို့နဲ့ ရည်မှန်းချက်တွေ ပြည့်ဝနိုင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ကြားက လုပ်ငန်းပိုင်းဆိုင်ရာဆက်ဆံရေးရဲ့ထိရောက်မှုဟာ အဓိကအရေးပါတဲ့ လိုအပ်ချက်ပါပဲ။ ၂၀၁၄ ခုနှစ်ကနေစပြီး ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံမှာရှိတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ စနစ်တကျ ချိတ်ဆက်ဆောင်ရွက်မှုတွေ ပြုနေခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ ဥရောပသမဂ္ဂ လုပ်ငန်းစီမံကိန်း (၂၀၁၄ - ၂၀၁၇) ရဲ့မူဘောင်နဲ့ အဲဒီနောက် လုပ်ငန်းစီမံကိန်းမှာ မှတ်သားခဲ့ရတဲ့ သင်ခန်းစာတွေနဲ့ အကြံပြုချက်တွေကို ထည့်သွင်းစဉ်းစားပြီးဖော်ဆောင်ထားတဲ့ ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး မဟာဗျူဟာ (၂၀၁၈ - ၂၀၂၀) တို့ကနေတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်နေခဲ့တာ ဖြစ်ပါတယ်။ မိတ်ဖက်ဆောင်ရွက်ခြင်းမဟာဗျူဟာအဖွဲ့က ဆောင်ရွက်နေတဲ့လက်ရှိအလုပ်တွေကြောင့် လက်ခံရရှိခဲ့တဲ့ အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုတွေကို အခြေခံပြီး ရှေ့လျှောက်မှာလည်း ပုံမှန် နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာတဲ့ ဆက်သွယ်ပြန်ကြားမှုတွေ၊ စနစ်တကျပြင်ဆင်ထားတဲ့ စကားပြောဆိုဆွေးနွေးမှုတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားသူတွေအတွက် အရေးပါတဲ့အခြားဖြစ်စဉ်တွေကနေတစ်ဆင့် အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ စနစ်တကျ ဆက်ပြီး ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်မှာ ဥရောပသမဂ္ဂနဲ့ အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာသစ်တစ်ရပ်ကို ဖော်ဆောင်သွားမှာဖြစ်ပြီး ဒီမဟာဗျူဟာသစ်ကို ပိုပြီး သင့်တော်အသုံးဝင်စေဖို့အတွက် အရပ်ဘက်အဖွဲ့အစည်းတွေ၊ အခြားလှုပ်ရှားသူတွေနဲ့အတူ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းမှုတွေကို ပြုလုပ်ဖို့ မျှော်မှန်းနေပါတယ်။

လတ်တလောနှစ်တွေမှာ ကျွန်တော်တို့ဟာ မူဝါဒချမှတ်ခြင်းနဲ့ မူဝါဒအကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တွေမှာအရပ်ဘက်အဖွဲ့အစည်းတွေနဲ့ မိတ်ဖက်ဆောင်ရွက်မှုကို ပိုအားကောင်းလာအောင်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ ဥရောပသမဂ္ဂရဲ့ဦးစားပေးနယ်ပယ်တွေထဲ လုပ်ငန်းဆောင်ရွက်မှု အဆင့်တွေအားလုံးမှာ အရပ်ဘက်အဖွဲ့အစည်းတွေကို ညှိနှိုင်းဆွေးနွေးတာ၊ အသိပေးတာတွေဆောင်ရွက်နိုင်ဖို့အတွက် ဥရောပသမဂ္ဂရဲ့မြန်မာနိုင်ငံတွင်းက ဦးစားပေးနယ်ပယ်တွေအကြောင်း အသိပေးဖော်ပြတဲ့နေရာမှာ အရပ်ဘက်အဖွဲ့အစည်းတွေက အများကြီးပိုပြီး ချိတ်ဆက်ပါဝင်လာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥရောပသမဂ္ဂက မြန်မာနိုင်ငံကိုအနာဂတ်မှာ ထောက်ပံ့ကူညီဖို့အတွက် ဦးစားပေးနယ်ပယ်တွေကို သတ်မှတ်ဖို့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုတွေကို ၂၀၁၉ ခုနှစ်ကစပြီး လုပ်ဆောင်ခဲ့ပါတယ်။ အထူးသဖြင့် ၂၀၂၀ ခုနှစ်၊ ဖွန်လက အဖွဲ့အစည်း ၁၀၀ ကျော်နဲ့ ပြုလုပ်ခဲ့တဲ့စီမံကိန်းအကြို ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ အွန်လိုင်းစစ်တမ်းတွေကနေတစ်ဆင့် အရပ်ဘက်အဖွဲ့အစည်းတွေဆီက အလွန်သင့်တော်တဲ့တုံ့ပြန်ချက်တွေကို ကျွန်တော်တို့လက်ခံရရှိပြီးဖြစ်ပါတယ်။ ဥရောပသမဂ္ဂရဲ့အနာဂတ်လုပ်ဆောင်ချက်နဲ့ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ဆက်လက်ညှိနှိုင်းဆွေးနွေးတာတွေကို ဇန်နဝါရီလမှာလုပ်မှာဖြစ်ပါတယ်။ သတ်မှတ်ခေါင်းစဉ်အလိုက် ဦးစားပေးနယ်ပယ်တွေမှာရှိတဲ့ အဓိကအရေးကိစ္စ/အခက်အခဲတွေနဲ့ ဥရောပသမဂ္ဂက ထောက်ပံ့ကူညီနိုင်မယ့် ဖြစ်နိုင်ခြေရှိတဲ့ ဖြေရှင်းနည်း/ချဉ်းကပ်နည်းတွေကို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအနေနဲ့ ဘယ်လိုမြင်လဲဆိုတာကို မေးမြန်းမှာဖြစ်ပါတယ်။

လာမယ့် ၇ နှစ်အတွင်းမှာ ဥရောပသမဂ္ဂဟာ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တွေနဲ့ခေါင်းစဉ်အလိုက် စနစ်တကျပြင်ဆင်ထားတဲ့ ပုံမှန်စကားဝိုင်း ဆွေးနွေးပွဲတွေကို ဆက်လက်ကျင်းပသွားပါမယ်။ အဓိက အရေးကိစ္စတွေ၊ လိုအပ်ချက်တွေနဲ့ အခက်အခဲတွေနဲ့ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်တွေရဲ့အမြင်တွေကို နားထောင်ဖို့နဲ့ သူတို့အဆိုပြုတင်သွင်းမယ့် အကြံပြုချက်တွေနဲ့ ဖြေရှင်းချက်တွေကိုလည်း နားထောင်ဖို့အတွက်ဖြစ်ပါတယ်။





# အတိတ်ကို ပြန်ကြည့်ခြင်း

ပြီးခဲ့သောနှစ်နှစ်အတွင်းတွင် ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာသည် အခြေခံအဆင့်၊ ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတော်အဆင့် မူဝါဒချမှတ်ခြင်းနှင့် မူဝါဒများအကောင်အထည်ဖော်ခြင်းတို့တွင် မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများ တက်ကြွစွာ ပါဝင်ကူညီနိုင်ရန်အတွက် ယင်းအဖွဲ့အစည်းများအား ပိုမိုကောင်းမွန်သော အခြေအနေများနှင့် အထောက်အကူပေးသော ပတ်ဝန်းကျင်တစ်ခုကို ပေးစွမ်းရန်ဟူသောစိတ်ကူးကို အခြေခံသည့်လှုပ်ရှားဆောင်ရွက်မှုများကို ချမှတ်စီစဉ်အကောင်အထည်ဖော်ခဲ့သည်။ ယေဘုယျရည်မှန်းချက်မှာ အရပ်သားလှုပ်ရှားသူများအတွက် အမျိုးမျိုးသောအကြောင်းအရာများ၊ ခက်ခဲနက်နဲသော အကြောင်းအရာများနှင့်စပ်လျဉ်း၍ ကွန်ရက်တည်ဆောက်ပြီး သတင်းအချက်အလက်များမျှဝေဖလှယ်နိုင်မည့်၊ ၎င်းတို့၏အရည်အချင်းများကို မြှင့်တင်နိုင်မည့်၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂနှင့်ပို၍နီးကပ်စွာအလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများကိုဖန်တီးပေးရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် မြန်မာနိုင်ငံတွင် မည်သည်တို့ပြောင်းလဲသွားသနည်းဟူသည်ကို ကျွန်ုပ်တို့အနေဖြင့်အခွင့်အရေးရခိုက် ပြန်ပြောင်းကြည့်ရှုနေခြင်း ဖြစ်ပါသည်။

ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာကို သုံးဖက်ပါသော ချဉ်းကပ်နည်းအသုံးပြု၍ အကောင်အထည်ဖော်ထားခြင်းဖြစ်သည် -

- မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအသိုင်းအဝိုင်းနှင့် ပြည်သူများအတွက် အရေးပါသော ကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ဥရောပသမဂ္ဂ၏ အထောက်အပံ့အား မည်သို့ အကောင်းမွန်ဆုံးအသုံးချမည်နှင့် ပတ်သက်၍ ကြိုတင်စီစဉ်ထားသော စကားဝိုင်း ဆွေးနွေးပွဲများကို ပုံမှန်ကျင်းပဖြစ်စေရန် စနစ်တကျတည်ဆောက်ထားသည့် ဥရောပ သမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်း စကားဝိုင်း ဆွေးနွေးပွဲများကို စီစဉ်ကျင်းပခြင်း။
- မူဝါဒပြောင်းလဲမှုကို ထောက်ပံ့ကူညီရန်နှင့် တိုးတက်စေရန်အတွက် မူဝါဒဆိုင်ရာ သုတေသနများကို ဆောင်ရွက်ခြင်း။
- ပြန်ကြားဆက်သွယ်ခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းတို့ကို အစပျိုးရန်အတွက် သက်ဆိုင်ရာပတ်သက်ဆက်နွှယ်သူများအား ဆက်သွယ်ခေါ်ယူခြင်း။


မြေယာပြဿနာများအတွက်စနစ်တကျဆွေးနွေးမှု၊ ကချင်၊ စက်တင်ဘာ ၂၀၁၉

**မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ အချိန်ပြဇယား**



၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်မိတ်ဆက်လိုက်သည့်အချိန်မှစ၍ ဥရောပသမဂ္ဂနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာမှ အောက်ပါတို့ကို စီစဉ်ကျင်းပခဲ့သည် -

> ဒီပွဲဟာ ပြီးခဲ့တဲ့ သုံးနှစ်အတွင်း ကချင်ပြည်နယ်မှာ မြေကိစ္စကို တကယ် ကျယ်ကျယ်ပြန့်ပြန့် အခြေခံပြီးကျင်းပတဲ့ ပထမဆုံး မြင်တွေ့ရတဲ့ အရပ်ဘက်လူမှု အဖွဲ့အစည်းများပွဲ ဖြစ်ပါတယ်

- စနစ်တကျတည်ဆောက်ထားသော စကားဝိုင်းဆွေးနွေးပွဲ (SD) သုံးပွဲ -
  - မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများအတွက် လုပ်ဆောင်မှုနယ်ပယ် ပြောင်းလဲလာခြင်း၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ (မိတ်ဆက်ပွဲ)၊ ရန်ကုန်မြို့။
  - မြေယာကိစ္စများအကြောင်း စနစ်တကျတည်ဆောက်ထားသော စကားဝိုင်းဆွေးနွေးပွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ မြစ်ကြီးနားမြို့။
  - စနစ်တကျတည်ဆောက်ထားသော စကားဝိုင်းဆွေးနွေးပွဲ - မြန်မာနိုင်ငံရွေးကောက်ပွဲများ၊ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ၊ အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲ ငါးခု။
- ယှဉ်တွဲဆောင်ရွက်သော၊ ကြိုတင်မစီစဉ်ဘဲ လိုအပ်ချက်အရဆောင်ရွက်သော ပွဲသုံးပွဲ -
  - ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် မြစ်ကြီးနားမြို့၌ကျင်းပခဲ့သော မြေယာကိစ္စများအကြောင်း စနစ်တကျတည်ဆောက်ထားသောစကားဝိုင်းဆွေးနွေးပွဲနှင့်အတူ ယှဉ်တွဲဆောင်ရွက်ခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်ချိတ်ဆက်ခြင်းပွဲ။
  - ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ကျင်းပခဲ့သော မြေယာကိစ္စများအကြောင်း စနစ်တကျတည်ဆောက်ထားသော စကားဝိုင်းဆွေးနွေးပွဲ၏ နောက်ဆက်တွဲဖြစ်သည့် ရန်ကုန်ဓာတ်ပုံပြပွဲ။
  - ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် အွန်လိုင်းပွဲအနေနှင့်ကျင်းပခဲ့သော ဥရောပသမဂ္ဂစီမံကိန်းအကြိုညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ

| | | | |
|---|---|---|---|
| ၃၅၀+<br>SD ပွဲများကို လူ ၃၅၀ ကျော် တက်ရောက်ခဲ့ကြပါသည် | ၅၆%<br>တက်ရောက်သူ ၅၆ ရာခိုင်နှုန်းသည် ၎င်းတို့၏ လုပ်ငန်းများအတွက် သင့်လျော်သော အဆက်အသွယ်များကို ရရှိသွားကြပါသည် | အတွက်<br>၅၈%<br>တက်ရောက်သူ ၅၈ ရာခိုင်နှုန်းသည် SD ပွဲများတွင်ပါဝင်ခဲ့သောကြောင့် ပူးပေါင်းဆောင်ရွက်မှု သို့မဟုတ် မိတ်ဖက်ဆောင်ရွက်မှု အသစ်များ အစပျိုးရန်အတွက် အကူအညီရရှိခဲ့ပါသည် | အတွက်<br>၈၅%<br>တက်ရောက်သူ ၈၅ ရာခိုင်နှုန်းသည် SD ပွဲများတွင် ပါဝင်ခဲ့သောကြောင့်အရပ်ဘက် အဖွဲ့အစည်းများအား အထောက်အပံ့ပေးနေသော ဥရောပသမဂ္ဂ၏ အခန်းကဏ္ဍကို ပိုမိုကောင်းမွန်စွာ နားလည်သွားကြပါသည် |




မြစ်ကြီးနားမြို့တွင် ကျင်းပသည့် မြေယာကိစ္စများအကြောင်း စနစ်တကျတည်ဆောက်ထားသော စကားဝိုင်းဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာမှ ထိုပွဲအတွက် ပြင်ဆင်စဉ်ကရရှိနိုင်သော မြန်မာနိုင်ငံအတွင်းရှိ မြေယာနှင့်ပတ်သက်သည့် အရေးကိစ္စများအကြောင်း ပုံနှိပ်ထုတ်ဝေမှုများအား ရှာဖွေဖတ်ရှုသုတေသနပြုခဲ့သည်။ ထို့နောက်တွင် ထိုသုတေသနကိုပွဲအတွင်း ဆက်လက်ဆွေးနွေးမှုများအတွက် အခြေခံအဖြစ်အသုံးပြုခဲ့သည့် ရုပ်ပုံပြအစီရင်ခံစာနှင့် အချက်အလက်ပြဇယားတစ်ခုအနေနှင့် တင်ဆက်ပြသခဲ့သည်။

မဟာဗျူဟာမှ စနစ်တကျတည်ဆောက်ထားသော စကားဝိုင်းဆွေးနွေးပွဲ သုံးပွဲအတွက် ရုပ်ပုံပြအစီရင်ခံစာများ အပါအဝင် စုစုပေါင်းအချက်အလက်ပြဇယားခြောက်ခုကို ထုတ်ဝေခဲ့ပြီး ယင်းတို့ကို အီးမေးလ်အပြန်အလှန်ပေးပို့မှုများ၊ ဖေ့စ်ဘုတ်ခ်နှင့် ဥရောပသမဂ္ဂဝက်ဘ်ဆိုက် စသည်ကဲ့သို့သော မဟာဗျူဟာမှ ပြန်ကြားဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးပြု၍ဖြန့်ချိခဲ့သည်။ ဖေ့စ်ဘုတ်ခ်ပေါ်တွင် အချက်အလက်ပြဇယားများသည် "ကြိုက်နှစ်သက်မှုများ" စုစုပေါင်း ၁၉၃ ခု ရရှိခဲ့ပြီး ထိုဇယားများအား ၁၂၀ကြိမ်တိုင်အောင် မျှဝေမှုများရှိခဲ့သည်။

ကျွန်ုပ်တို့သည် သတင်းလွှာစာစောင် လေးစောင်ကိုလည်း ပြုစုရေးသား၍ဖြန့်ချိခဲ့ကြပါသည်။ ကျွန်ုပ်တို့ လှုပ်ရှားဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေကို ပတ်သက်ဆက်နွှယ်သူများအား ထိုသတင်းလွှာများမှတစ်ဆင့် အသိပေးခဲ့ကြသည့်အပြင် မြန်မာနိုင်ငံအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများအတွက် ရရှိနိုင်သောနည်းကိရိယာများနှင့် ဘဏ္ဍာရေးအခွင့်အလမ်းများ အကြောင်း သတင်းအချက်အလက်မျှဝေရန်အတွက်လည်း ဤစာစောင်ကို အသုံးပြုခဲ့ကြပါသည်။ သတင်းလွှာများအား အီးမေးလ်လိပ်စာ ၂၅၀ - ၃၀၀ ခန့်ဆီသို့ ဖြန့်ချိခဲ့ကြသည့်အပြင် ပုံနှိပ်ထုတ်ဝေ၍လည်းဖြန့်ချိခဲ့ပြီး ကျွန်ုပ်တို့ ဖေ့စ်ဘုတ်ခ် စာမျက်နှာနှင့် ဥရောပသမဂ္ဂ ဝက်ဘ်ဆိုက်ပေါ်တွင်လည်း ထုတ်ပြန်ခဲ့ပါသည်။

ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာမှ မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများအတွက် သင့်လျော်သောသတင်းအချက်အလက်များကို ဖြန့်ဖြူးရန်အတွက်ယူကျူ ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် စာနယ်ဇင်းမီဒီယာများကိုလည်းအသုံးပြုခဲ့သည်။ ထိုနည်းတူပင် ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာမှ လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပတ်သက်ဆက်နွှယ်သူများ၏ အတွေးအမြင် သဘောထားများကိုရယူရန်အတွက် ၂၀၂၀ ခုနှစ်၊ ဇွန် - ဇူလိုင်လများတွင် ဆောင်ရွက်ခဲ့သည့် ကြားဖြတ်စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစစ်တမ်းကဲ့သို့သော အွန်လိုင်းစစ်တမ်းကောက်ယူမှုများကိုလည်း အရပ်ဘက်အဖွဲ့အစည်းများထံမှ သီးခြားတုံ့ပြန်အကြံပြုချက်များကို တောင်းခံရယူရန်အတွက် ပြုလုပ်ခဲ့ပါသည်။ တွေ့ရှိခဲ့ရသည်များမှာ -

| | | | | |
|---|---|---|---|---|
| ၄၁%<br>စစ်တမ်းတွင် ပါဝင်သူ ၄၁ ရာခိုင်နှုန်းသည် ဥရောပသမဂ္ဂ မြန်မာဝက်ဘ်ဆိုက်ကို ပုံမှန်ဝင်ရောက်ကြည့်ရှုနေသူများဖြစ်သည် | ၅၇%<br>စစ်တမ်းတွင် ပါဝင်သူ ၅၇ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ ဝက်ဘ်ဆိုက်သည် ကောင်းမွန်သည် သို့မဟုတ် အလွန်ကောင်းမွန်သည်ဟု ထင်ကြသည် | ၆၂%<br>စစ်တမ်းတွင် ပါဝင်သူ ၆၂ ရာခိုင်နှုန်းသည် ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာအဖွဲ့၏ သတင်းလွှာကို လက်ခံရရှိသည် | ၅၉%<br>စစ်တမ်းတွင် ပါဝင်သူ ၅၉ ရာခိုင်နှုန်းသည် ဥရောပသမဂ္ဂနှင့် အရပ်ဘက် အဖွဲ့အစည်းများ မိတ်ဖက် ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ၏ သတင်းလွှာသည် ကောင်းမွန်သည် သို့မဟုတ် အလွန်ကောင်းမွန်သည်ဟု ထင်ကြသည် | ၆၆%<br>စစ်တမ်းတွင် ပါဝင်သူ ၆၆ ရာခိုင်နှုန်းသည် ဥရောပသမဂ္ဂနှင့် အရပ်ဘက် အဖွဲ့အစည်းများ မိတ်ဖက် ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ၏ ဖေ့စ်ဘုတ်ခ်စာမျက်နှာကို အမြဲစောင့်ကြည့်မှုရှိသည် |

# ရှေ့သို့မျှော်ကြည့်ခြင်း

## ဥရောပသမဂ္ဂစီမံကိန်းများ ရွေးချယ်စီစဉ်မှုအကြောင်း အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို ရရှိအောင်မြင်ရန်နှင့် လာမည့် နှစ်များအလိုက် ဘဏ္ဍာရေးမူဘောင် (၂၀၂၁ - ၂၇) ၏ ပြင်ပအထောက်အပံ့အလွှာနှင့်အတူ ၂၀၃၀ ခုနှစ် နောက်ဆုံးထား၍ ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံတစ်ခုဖြစ်လာစေရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဥရောပသမဂ္ဂက ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။ ထိုဘဏ္ဍာရေး စက်ဝန်းအသစ်အတွက် လက်ရှိတွင် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပြီး ဥရောပသမဂ္ဂသည်ဦး၏ ကူညီထောက်ပံ့ပေးမှုများတွင် ထပ်ဆောင်းတန်ဖိုးကို အကောင်းဆုံး အသုံးချနိုင်ရေးနှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများက မည်သို့ရှုမြင်သည်ကို အလွန်အလေးထားပါသည်။

၂၀၂၁ - ၂၀၂၇ ခုနှစ် အပိုင်းအခြားအတွက် ကမ္ဘာလုံးဆိုင်ရာ ခွဲခြားဖော်ထုတ်ထားသော ဥရောပသမဂ္ဂ ဦးစားပေးမူဝါဒနယ်ပယ်များနှင့်ပတ်သက်၍ နိုင်ငံတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများ၏ အမြင်များကို ကြားသိရရန်အတွက် ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ဥရောပသမဂ္ဂသည် အွန်လိုင်းစစ်တမ်းကောက်ယူမှုတစ်ခုနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးရေး အွန်လိုင်းပွဲစဉ်များကို စီမံကိန်းအကြိုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေနှင့် ဆောင်ရွက်ခဲ့ပါသည်။ ထိုအွန်လိုင်းစစ်တမ်းတွင် အရပ်ဘက်အဖွဲ့အစည်းပေါင်း ၉၀ ကျော်က ပါဝင်ဖြေဆိုခဲ့ကြပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးရေး အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲများတွင် အဖွဲ့အစည်း ၄၀ တို့က ပါဝင်ခဲ့ကြသည်။

ထိုလုပ်ဆောင်ချက်များနှင့် အခြား ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ၏ ရလဒ်အနေနှင့် မြန်မာနိုင်ငံအတွက် ဦးစားပေး သတ်မှတ်ချက်များအဖြစ် ရွေးချယ်ခံခဲ့ရသော မူဝါဒနယ်ပယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- အစိမ်းရောင်သဘောတူညီချက်
- လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး/ပညာရေး
- ငြိမ်းချမ်းရေးနှင့် စီမံအုပ်ချုပ်ရေး

မြန်မာနိုင်ငံအတွက် အနာဂတ်အစီအစဉ်များကို ဆက်လက်မွမ်းမံရန် ဥရောပသမဂ္ဂသည် ဗဟိုအဆင့်နှင့် ဗဟိုချုပ်ကိုင်မှုဖြေလျှော့ထားသော အဆင့်များရှိ နိုင်ငံတော်အာဏာပိုင်များ၊ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားသူများနှင့် အခြား နှစ်ဦးနှစ်ဖက် (သို့) ဘက်ပေါင်းစုံ ပါဝင်သော မိတ်ဖက်အမြောက်အမြားနှင့် ထပ်ဆောင်းညှိနှိုင်း တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်မည် ဖြစ်ပါသည်။

အရပ်ဘက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလလယ်တွင် ကျင်းပမည်ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် ဥရောပသမဂ္ဂ၏ထောက်ပံ့မှုနှင့်သင့်လျော်သော ခိုင်လုံသည့် နယ်ပယ်များအား ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းနှင့် ကဏ္ဍအားလုံးရှိ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် အရပ်ဘက်အဖွဲ့အစည်းများ အစဉ်တစိုက် ပါဝင်လာခြင်းအား တိုးမြှင့်ပေးနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်းတို့ဖြင့် လုပ်ငန်းစဉ်ကို ထောက်ပံ့ကူညီနိုင်ပါသည်။

## နောက်လာမည့် ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သည့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ

ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာ၏ နောက်လာမည့် ခြေလှမ်းသစ်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လအပြီးတွင် စတင်မည်ဖြစ်ပါသည်။ မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာအဖွဲ့သည် စနစ်တကျတည်ဆောက်ထားသော စကားဝိုင်းဆွေးနွေးပွဲ၊ လိုအပ်သလို ရုတ်ခြည်းကျင်းပသော အစည်းအဝေးပွဲများနှင့် ဖေ့စ်ဘုတ်ခ်နှင့် သတင်းလွှာတို့ကဲ့သို့ တည်ရှိပြီးသား ပြန်ကြားဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်လက်၍ ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ခြေလှမ်းသစ်အား အကောင်အထည်ဖော်ရာတွင် မြန်မာပြည်သူလူထု၏ လိုအပ်ချက်များကို ဆက်လက်၍ တုံ့ပြန်ဆောင်ရွက်မှုရှိကြောင်း သေချာစေရန်နှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဥရောပသမဂ္ဂတို့အကြားတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အဓိကအရေးကိစ္စများနှင့် စပ်လျဉ်း၍ ပိုမိုအကျိုးရှိသော စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပမှုရှိကြောင်း သေချာစေရန်တို့အတွက် ၂၀၂၁ ခုနှစ်၊ မတ်လတွင်စတင်မည့် ဥရောပ သမဂ္ဂနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများတွင်ပါဝင်ရန် အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များအား ဖိတ်ကြားသွားမည် ဖြစ်ပါသည်။

ထိုညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများတွင် အောက်ပါတို့ကို ရွေးချယ်ဖော်ထုတ်မည်ဖြစ်သည် -

- ဥရောပသမဂ္ဂနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စကားဝိုင်းဆွေးနွေးပွဲကို ပိုမိုထိရောက်စေရန် အားဖြည့်ပေးနိုင်မည့် နည်းလမ်းများ။
- မိတ်ဖက်ဆောင်ရွက်ခြင်းဆိုင်ရာ မဟာဗျူဟာမှတစ်ဆင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည့် အရပ်ဘက်အဖွဲ့အစည်းများ၏ လိုအပ်ချက်များ။
- အရပ်ဘက်အဖွဲ့အစည်းများ ဥရောပသမဂ္ဂနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မည့် ခေါင်းစဉ်အလိုက် အလေးထားဆောင်ရွက်ရန် နယ်ပယ်များ။
- စီမံကိန်းများ ရွေးချယ်စီစဉ်မှုဆိုင်ရာ ဦးစားပေးနယ်ပယ်များတွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ချိတ်ဆက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ။

ဤညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲများတွင် ပါဝင်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။



မေးမြန်းလိုသည်များရှိပါက ဖုန်း +၉၅ ၉ ၇၆၂ ၆၃၀၀၀၃ သို့ ဆက်သွယ်၍ သို့မဟုတ် eucsostrategy.communication@gmail.com သို့ မေးလ်ပို့၍ စုံစမ်းနိုင်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းသတင်းအချက်အလက်များအကြောင်းကို ဖေ့စ်ဘုတ်စာမျက်နှာ EU-CSO Partnership Strategy: https://tinyurl.com/y3974mft နှင့် ဝက်ဘ်စာမျက်နှာ EU Delegation in Myanmar: http:^^www.euinmyanmar.eu/ တို့ပေါ်တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။